ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

## အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ယာယီရောက်ရှိနေသူများအနေဖြင့် ပုံစံ (၁၅) ပေးပို့ခြင်းနှင့် ကြိုတင်မဲပေးခြင်း လုပ်ငန်းဆိုင်ရာ ကြေညာချက်

**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်)**

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် တရုတ်နိုင်ငံသို့ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသူမြန်မာနိုင်ငံသားများမှ ကြိုတင်ဆန္ဒမဲပေးရန်အဆိုပြုသည့် ပုံစံ (၁၅) များကို ၅-၈-၂၀၂၀ ရက်နေ့အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းကို အသိပေး ကြေညာထားပြီး ဖြစ်ပါသည်။

၂။ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ **ဥပဒေအရ ပုံစံ (၁၅) တင်သွင်းသူများသည် နိုင်ငံပြင်ပ/ တရုတ်နိုင်ငံသို့ ရောက်ရှိနေသူများသာ ဖြစ်ရမည်ဖြစ်ပါကြောင်း၊** လက်ရှိ ပြည်တွင်း/ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေသူများအနေဖြင့် ပြည်တွင်းကြိုတင်မဲပေးလိုပါက ရွေးကောက်ပွဲကျင်းပသည့် နေ့ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ မတိုင်မီ ရက်သတ္တပတ် (၂) ပတ် (ရှေ့ ၁၀) ရက် အတွင်း သက်ဆိုင်ရာမဲရုံများတွင် မဲပေးနိုင်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ အကယ်၍ စက်တင်ဘာလ/ အောက်တိုဘာလတွင် နိုင်ငံပြင်ပ/ တရုတ်နိုင်ငံသို့ ထွက်ခွာရန်ဖြစ်လာပါက ပုံစံ (၁၅) လက်ခံသည့် နေ့ရက်ကျော်လွန်သွားပြီဖြစ်ကြောင်း၊ ဆန္ဒမဲပေးလိုသူများအနေဖြင့် အောက်တိုဘာလ ဒုတိယအပတ်ထိ (ပြည်တွင်းကြိုတင်မဲ) ပေးရန် အချိန်ထိ စောင့်ဆိုင်းရန် အကြံပြုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING